| A bank standing with you | Issue Date : Dec 2015<br>Effective Date : Feb 2016 |
|---|---|
| PROCUREMENT POLICY | APPROVED BY HR |

## Vendor Selection / Procurement အဖွဲ့ဖွဲ့စည်းခြင်း နှင့် လုပ်ငန်းတာဝန်များ

A bank တွင် ပစ္စည်းအမျိုးမျိုးဝယ်ယူရေး၊ အဆောက်အဦများပြင်ဆင် ဆောက်လုပ်ရန် Construction အဖွဲ့များရွေးချယ်ခြင်းနှင့် ပတ်သက်၍ ရွေးချယ် စိစစ်ရန်အဖွဲ့အား စီမံဌာန၊ Account & Budget ဌာန၊ ပစ္စည်းဝယ်ယူရန်လိုအပ်သည့်ဌာနတို့မှ ဌာနတာဝန်ခံ(သို့)တာဝန်ပေးအပ်သူများ ပါဝင်ဖွဲ့စည်း၍ တာဝန်ပေးအပ်ဆောင်ရွက်စေပါသည်။

## ပြုလုပ်ဆောင်ရွက်ပုံအဆင့်ဆင့်

၁။ ဝယ်ယူလိုသည့်ပစ္စည်း၏ ဝယ်ယူရမည့် ငွေပမာဏမှာ အနည်းအများရှိပါ၍ (၁) ကြိမ်ဝယ်ယူလျှင် ငွေကျပ် (၁၀) သိန်းနှင့်အထက် ကျော်လွန်ပါက Procurement အဖွဲ့နှင့် ဆုံးဖြတ်ဝယ်ယူပြီး (၁၀) သိန်းအောက် Invoice များအတွက် စီမံရေးရာဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများထံတွင် ခွင့်ပြုချက်တောင်းခံ၍ ဝယ်ယူရပါမည်။

၂။ လိုအပ်သောပစ္စည်းတောင်းခံလွှာအား သက်ဆိုင်ရာဌာနတာဝန်ခံ၏ ခွင့်ပြုချက်ပါရှိရပါမည်။

ဥပမာ - Computer ဆိုလျှင် IT ဌာနတာဝန်ခံသို့၄င်း၊ Promotion ပစ္စည်းများအတွက် Marketing ဌာနတာဝန်ခံသို့၄င်း၊ ရုံးသုံးစက်ပစ္စည်း၊ Stationary ပစ္စည်းများအတွက် စီမံဌာနတာဝန်ခံသို့၄င်း စသဖြင့် ပေးပို့ တောင်းခံပေးရပါမည်။

၃။ လိုအပ်သောပစ္စည်းများအား အနည်းဆုံး Vendor ၃ ဦးခန့်အား Quotation တောင်းခံ၍ အရည်အသွေး၊ ဈေးနှုန်းတို့အား နှိုင်းယှဉ်ပြီး အဖွဲ့၏ဆုံးဖြတ်ချက်အရ ဝယ်ယူခြင်းနှင့် ပစ္စည်းများမှာယူခြင်းတို့အား ဆောင်ရွက်နိုင်ရန် စီမံရေးရာဌာနသို့ အကြောင်းကြားရပါမည်။

၄။ အဖွဲ့မှရွေးချယ်လိုက်သော Vendor ကို နောက်ဆုံးညှိနှိုင်းပြီး ဈေးနှုန်း Quotation ပေါ်တွင် အဖွဲ့ဝင်များအားလုံး လက်မှတ်ရေးထိုးကြရပါမည်။

၅။ ရွေးချယ်ပြီးသော Vendor နှင့် ဝယ်ယူခြင်းအား Executive Director (Supporting Unit) ထံ တင်ပြ၍ အတည်ပြုချက် ရယူရပါမည်။

၆။ မှာယူပြီး ပစ္စည်းများအား ငွေပေးချေနိုင်ရန် ပေးချေခွင့်အား Executive Director (Supporting Unit) ထံသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိလျှင် Budget တင်ပြီး ငွေထုတ်ပေးနိုင်ရန် ဆောင်ရွက်ရပါမည်။

၇။ ပစ္စည်းရရှိသည့်အခါ စီမံဌာနမှ သက်ဆိုင်ရာ Register များတွင် စာရင်းရေးသွင်းပြီး တောင်းခံသောဌာနသို့ D.O နှင့်တကွ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ရပါမည်။

၈။ Stock ထားရှိရမည့် ပစ္စည်းများအား စီမံဌာနတွင် သက်ဆိုင်ရာ Register များနှင့် ထိန်းသိမ်းထားရှိပြီး လက်ကျန်များအား လစဉ်စစ်ဆေးပြီး လက်ကျန်နည်းနေသော ပစ္စည်းများအား ထပ်မံမှာယူခြင်း ပြုလုပ်ရပါမည်။